# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 11, 2019 | Volume 17, Number 7


**၁၁.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၇၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၉.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၈.၂ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၅.၂ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၆၆.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၁.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၉၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၇၂၆ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၀၅ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၁.၅၆ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၈၈ကျပ် |

Source: CBM Rate. etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## မုံရွာနှင့်မန္တလေးကုန်သည်များ စပါး၊ ဆန်ဝယ်ယူမှုများ၍ ကလေးဒေသ၌ ဆန်ဈေးအတက်ဘက်သို့ဦးတည်

ဆန်အများဆုံးထွက်သည့် ကလေးဒေသတွင် ယခုနှစ် မိုးစပါးထွက်ရှိချိန်မှ အစပြု၍ မုံရွာ၊ မန္တလေးကုန်သည်များနှင့် ချင်းပြည်နယ်မြို့ကြီးများမှ ဆန်ကုန်သည်များ ကလေးဒေသထွက် ဆန်စပါးများကို ဝယ်ယူမှုများပြားနေသည့်အတွက် ယခုမတ်လဆန်းမှစတင်၍ ဆန်ဈေး၊ စပါး ဈေးတက်လျက်ရှိကြောင်း ကလေးမြို့ ပင်လုံရပ်ကွက် ရာဇဂြိုဟ် စတားဆန်ပွဲရုံပိုင်ရှင် ဦးတေဇကပြောဆိုသည်။

ချင်းပြည်နယ် ဖလမ်း၊ ဟားခါး၊ တီးတိန်မြို့ကြီးတွေကနေပြီး လစဉ်ဝယ်ယူနေတာကတော့ နှစ်စဉ်ပုံမှန်ဝယ် လက်လို့ဆိုရမှာပါ၊အခု ကလေးဒေသထွက် ဆန်ကို မုံရွာ၊ မန္တလေး၊ ပခုက္ကူဝယ်လက်တွေက ဝယ်နေတယ်။ စပါးအဟောင်းအသစ် အားလုံးဝယ်တယ်ဆိုတော့ ဒီဘက်မှာ ဆန်ဈေး၊ စပါးဈေးက အတက်ဘက်ကိုဦးတည်နေတယ်။ သင်္ကြန်ပြီး မိုးရာသီဆိုရင် အခုထက်ပိုတက်နိုင်ကြောင်း ၎င်းကပြောဆိုသည်။ ယခုရက်ပိုင်းကလေးဒေသတွင် ဧရာမင်း စပါးတစ်တင်းလျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်အထိဈေးရှိနေပြီး ပေါ်ဆန်း၊ ချင်းသုခ၊ မနောသုခအမျိုးအစား စပါးတစ်တင်းလျှင် ကျပ် ၇၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပြီး ဧရာမင်း ဆန်ဟောင်း တစ်အိတ်လျှင် ကျပ် ၄၃၀၀၀၊ ဆန်အသစ်တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၊ မနောသုခ၊ ချင်းသုခ၊ ပေါ်ဆန်းအုပ်စုဆန်များမှာ တစ်အိတ်လျှင် ကျပ် ၃၈၀၀၀ ဈေးရှိကြောင်း သိရသည်။

ကျွန်တော်တို့ ဆန်ထွက်တဲ့ဒေသဆိုပေမယ့် အနယ်နယ်အရပ်ရပ်ကလာပြီး ဝယ်နေတဲ့အတွက် ဆန်ဈေးက တက်နေပါတယ်။ များသောအားဖြင့် မုံရွာ၊ မန္တလေး၊ ပခုက္ကူဘက်က ဆန်စပါးဝယ်တယ်ဆိုရင် ကျွန်တော့်တို့ဒေသမှာ ဆန်ဈေး၊ စပါးဈေးတက်ပါတယ်။ ချင်းတောင်နဲ့ ချင်းတွင်းမြစ်အထက်ပိုင်းဒေသကတော့ ကျွန်တော်တို့ ကလေးဒေသထွက် ဆန်၊ ဆီ၊ ပဲ အသီး အရွက်အားလုံး နှစ်စဉ်ဝယ်နေတာဖြစ်တဲ့အတွက် ထူးထူးခြားခြား ဈေးတက် တာမျိုးမရှိဘူး။ ချင်းတောင်ပေါ်ကဆိုရင် တစ်လကို ဆန်အိတ် ၂၀၀၀ ဝန်းကျင်ပုံမှန်ဝယ်ယူတာမျိုးရှိကြောင်း ကလေးဒေသခံတစ်ဦးက ပြောဆိုသည်။

ကလေးဒေသတွင် မိုးစပါးစိုက်ဧကတစ်သိန်းဝန်းကျင်ရှိပြီး ၂၀၁၅ ခုနှစ် သဘာဝဘေး ကျရောက်ပြီးနောက် စပါးစိုက်ဧကများ လျော့ကျခဲ့ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဌာနမှ ထုတ်ပြန်သည့်သတင်းများအရ သိရသည်။ နွေစပါး စိုက်ပျိုးမှုမှာ စိုက်ဧက ၁၀၀၀၀ ဝန်းကျင်အထိ သတ်မှတ်ထားသော်လည်း ရေရရှိရေးအခက်အခဲကြောင့် စိုက်ဧကလျော့နည်းမှုရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/121226.html

## တရုတ်သို့ မြန်မာ့လက်ဖက်ခြောက် စမ်းသပ်တင်ပို့ မည်

တရုတ်နိုင်ငံသို့ ဧပြီလကုန်ပိုင်းတွင် လက်ဖက်ခြောက် စမ်းသပ်တင်ပို့မည်ဖြစ်ကြောင်း ပလောင်လက်ဖက် စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်းထံမှသိရသည်။ ဧပြီလအတွင်း တရုတ်သို့စမ်းသပ်တင်ပို့မည့် လက်ဖက်များ အပြီးသတ် ထုတ်လုပ်ပြီးပါက တရုတ်မှဝယ်လက်များနှင့် တင်ပို့ရမည့်ပမာဏကို ထပ်မံညှိနှိုင်းရမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။ တရုတ်ကိုပို့ဖို့ သူတို့ကြိုက်တဲ့ လက်ဖက်မျိုးကိုလည်း သီးသန့်ထပ်ထုတ်ထားတယ်။ သူကလက်နဲ့ လှော်ရတယ်။ လုပ်ရတာ အနုပညာအရမ်းဆန်တယ်ဟု ပလောင်လက်ဖက်အသင်းဥက္ကဋ္ဌ ဦးထွန်းမြင့်က ပြောကြား သည်။

တရုတ်နိုင်ငံသည် Hand Make Green Tea ကို အများဆုံးကြိုက်နှစ်သက်ပြီး တစ်ပိဿာလျှင် ကျပ်တစ်သောင်းခွဲ မှ နှစ်သောင်းကြားအထိ ဈေးရရှိကြောင်း ယင်းအသင်းထံမှသိရသည်။ ထို့ပြင် လက်ဖက်ခြောက်ကို ဂျာမနီ၊ ပြင်သစ်နှင့် ချက်နိုင်ငံတို့ကိုလည်း စမ်းသပ်တင်ပို့လျက်ရှိပြီး ယင်းနိုင်ငံများမှ ဝယ်လက်များက ယခု ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုကို လာရောက်ကြည့်ရှုမည်ဖြစ်ကြောင်း ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းထံမှသိရသည်။ တောင်ပေါ်ဒေသများတွင်စိုက်ပျိုးသည့် လက်ဖက်စိုက် တောင်သူများအနေဖြင့် လက်ဖက်စိုက်ပျိုးရာတွင် ခေတ်မီစက်ကိရိယာများလိုအပ်ခြင်း၊ လုပ်သားအခက်အခဲ၊ မြေယာ၊ ငွေကြေးအရင်းအနှီးနှင့် လျှပ်စစ်မီးအလုံအလောက်မရရှိခြင်း စသည့်အခက်အခဲများကြုံတွေ့နေရကြောင်း လက်ဖက်စိုက် တောင်သူများထံမှ သိရသည်။

လက်ဖက်ကို မိုးကုတ်၊ ကျောက်မဲ၊ နမ့်စန်၊ နမ့်ခမ်း၊ ရွာငံ၊ ပင်းတယ စသည့်ဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး လက်ဖက်စိုက်ဧကပေါင်း နှစ်သိန်းခန့်ရှိကာ လက်ဖက်ကိုဧပြီလတွင် စတင်စိုက်ပျိုးကာ နိုဝင်ဘာလတွင် ခူးဆွတ်လေ့ ရှိကြောင်း ပလောင်လက်ဖက်အသင်းထံမှ သိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1721-myanma-tea-leave.html

## မြန်မာ့ဆန်၊ ဆန်ကွဲကို တရုတ်မှ ဓာတ်မြေသြဇာ၊ လျှပ်စစ်ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်းများဖြင့် ဖလှယ်မည်

မြန်မာနိုင်ငံဘက်မှ ဆန်နှင့်ဆန်ကွဲတင်ပို့ပြီး တရုတ်နိုင်ငံမှ ဓာတ်မြေသြဇာ၊ လျှပ်စစ်ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်း များ ပြန်လည်တင်သွင်းခြင်းကို တရုတ်-မြန်မာနှစ်နိုင်ငံအစိုးရအကြား ကုန်စည်ဖလှယ်မှုအစီအစဉ် ဖြင့် ဆောင်ရွက် သွားရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ မတ်လ (၇) ရက်နေ့က မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တွင် ပြုလုပ်ခဲ့သည့် ပြည်ပနိုင်ငံများသို့ ဆန်စပါးဈေးကွက်တိုးမြှင့် တင်ပို့နိုင်ရေး ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"barter စနစ်အတွက် ဝန်ကြီးဌာနဘက်ကလည်း ကူမင်းပြည်သူ့အစိုးရနဲ့ညှိနှိုင်းပြီးတော့ MOU ထိုးဖို့လည်း သူတို့လုပ် နေတယ်" ဟု ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့်လည်း ယင်းသို့ ကုန်စည် ဖလှယ်မှုစနစ်အတွက် mou ရေးထိုးနိုင်ရေးကို ယခုလအတွင်း အပြီးသတ်လုပ်ဆောင်နိုင်ရေးအတွက် စီစဉ်လျက် ရှိသည်။ ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၃ ရက်နေ့အထိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်နှင့် ကုန်သည်/စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများက The 2nd China Myanmar Economic Corridor Forum သို့ တက်ရောက်စဉ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ကူမင်းမြို့အခြေစိုက် ကုမ္ပဏီတစ်ခုနှင့် အလွတ်သဘော တွေ့ဆုံညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ယင်းဖိုရမ်တွင် ၂၀၁၉ ခုနှစ်အတွက် ဆန်တန်ချိန် (၄) သိန်းအထိ ကိုတာ(QUOTA) စနစ်ဖြင့် တရားဝင်တင်ပို့ နိုင်ရေးကိုညှိနှိုင်းခဲ့ပြီး ယခုအခါ တရုတ်အစိုးရမှ စာချုပ်မူကြမ်းကို ပေးပို့ထားပြီးဖြစ်သလို mOU ရေးထိုးနိုင်ရေး အတွက် ဆွေးနွေးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် (၁)သိန်း တင်ပို့ခွင့် (Quota) ရရှိခဲ့ ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကိုတာစနစ်ဖြင့် တန်ချိန် (၂) သိန်းအထိ တင်ပို့ထားပြီးဖြစ်သလို ယခုနှစ်အတွက် တန်ချိန် (၄) သိန်းအထိ တင်ပို့နိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် တရုတ်-မြန်မာနယ်စပ် မူဆယ်ကုန်သွယ်ရေးစခန်းမှ အဓိကတင်ပို့နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ ဆန်နှင့်ဆန်ကွဲကို တရားဝင်တင်ပို့နေကြောင်းသိရသည်။

Source: http://betvmyanmar.com/my/news/%E1%80%BB%E1%80%99%E1%80%94%E1%80%B9%E

## ငှက်ပျောအထွက်နှုန်းနည်းပါး၍ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်မှု ယခင်ကထက် ထက်ဝက်ခန့် လျော့ကျ

ဧရာဝတီတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသ၌ ငှက်ပျောခြံပျက်စီးမှုများပြားသဖြင့် အထွက်နှုန်းလျော့ကျလျက်ရှိရာ ရန်ကုန်ဈေးကွက်သို့ ယခင်ကထက် ငှက်ပျောအဝင် ထက်ဝက်ကျော်လျော့ကျနေကြောင်း မြန်မာနိုင်ငံငှက်ပျောစိုက်ပျိုးထုတ် လုပ်တင်ပို့ရောင်းချသူများအသင်းအတွင်းရေးမှူး ဦးမန်းသန်းဌေး၏ ပြောကြားချက်အရသိရသည်။ ရန်ကုန်ဗားကရာငှက်ပျောတန်းသို့ ယခင်က နေ့စဉ်ကားအစီးရေ ၁၀ စီးမှ ၁၅ စီးအထိ ဝင်ရောက်လေ့ရှိရာမှ ယခုအခါ ကား အစီးရေ ငါးစီးဝန်းကျင်သာ ဝင်ရောက်လျက်ရှိသည်။

ငှက်ပျောအဝင်က ထက်ဝက်ကျော်ကျသွားတယ်။ ကျုံပျော်ဘက်မှာ ပြီးခဲ့တဲ့ငှက်ပျောစိုက်ရာသီက ငှက်ပျောခြံတော်တော် အပျက်အစီးများတယ်ဟု ဦးမန်းသန်းဌေးကပြောသည်။ ယခင်က ဖီးကြမ်းငှက်ပျောတစ်ဖီးလျှင် အများဆုံး ငွေကျပ် ၁၂၀၀ ဝန်းကျင်သာရှိရာမှ ယခုအခါ ငွေကျပ် ၁၅၀၀ ဝန်းကျင်နှင့် သီးမွှေးငှက်ပျောတစ်ဖီးလျှင် အများဆုံး ငွေကျပ် ၁၄၀၀ ဝန်းကျင်သာရှိရာမှ ယခုအခါ ငွေကျပ် ၁၈၀၀ ဝန်းကျင်အထိ ဈေးနှုန်းရှိပြီး လတ်တလောတွင် ငှက်ပျောအရည်အသွေး အလိုက် ဈေးနှုန်းကွာဟကြောင်းသိရသည်။

ငှက်ပျောအဝင်နည်းတော့ ဈေးကနည်းနည်းမြင့်လာတယ်။ ငှက်ပျောအရည်အသွေးကြောင့်လည်း ပါပါတယ်။ အရည်အသွေးမကောင်းရင် ဈေးကောင်းမရကြောင်း ဦးမန်းသန်းဌေးကပြောသည်။ လတ်တလောတွင် ရန်ကုန်ဈေးကွက်သို့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တို့မှ ဖီးကြမ်းငှက်ပျောများ ဝင်ရောက်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်နှင့်မအူပင်မြို့နယ်တို့မှ သီးမွှေးငှက်ပျောများ ဝင်ရောက်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံ၌ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ငှက်ပျောအဓိကစိုက်ပျိုးကြောင်းသိရသည်။

Source: http://myawady.net.mm/index.php/business/item/41076-

## မြန်မာ-အိန္ဒိယနယ်စပ်ဈေး၌ ဝယ်လက်မရှိ၍ အုန်းသီးဈေးကွက်ပျက်

မြန်မာ – အိန္ဒိယနယ်စပ်ဈေးမှ အုန်းသီးဝယ်ယူမှု နည်းပါးနေသည့်အတွက် တမူးနယ်စပ်ဈေးရောက် ကလေးခရိုင် အတွင်းမှထွက်ရှိသည့် ဒေသထွက်အုန်းသီးများနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှ ထွက်ရှိသည့် အုန်းသီးများ ဝယ်လက်ပျောက်ကာ ဈေးကွက်ပျက်နေကြောင်းသိရသည်။ မြန်မာ–အိန္ဒိယ နယ်စပ်ဈေးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် နန်းဖာလုံဈေးတွင် လွန်ခဲ့သည့် အောက်တိုဘာလမှစတင်၍ တစ်ဖက်နိုင်ငံ မဏိပူရ ပြည်နယ်မှ အုန်းသီးများကို ရသမျှဝယ်ယူခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီလမှစတင်၍ ဝယ်ယူမှုနှေးကွေးသွားပြီး ဝယ်လက်ပျောက်၍ ဈေးကွက်ပျက်နေသည့်အတွက် နယ်စပ်ဈေးရောက် အုန်းသီးအရောင်းအဝယ်သမားများ အရှုံးပေါ်လျက်ရှိသည်။

အုန်းသီးကို တစ်ဖက်နိုင်ငံ မဏိပူရပြည်နယ်က ကသည်းလူမျိုးတွေ အများဆုံးဝယ်ယူတာဖြစ်ပါတယ်။ သီတင်းကျွတ်မှာ သူတို့ဘက်က မိဘအကြီးအကဲ ကန်တော့ပွဲနဲ့ အခြားပွဲတွေရှိတော့ မြန်မာဘက်က အုန်းသီးတွေကို ရသလောက်ဝယ်တယ်။ အခုတော့ သူတို့ဘက်မှာ ဘာပွဲတော်မှမရှိတဲ့အတွက် ဝယ်လက်တွေပျောက်နေတယ်။ သင်္ကြန်ဝန်းကျင်လောက်မှာတော့ အရောင်းအဝယ်ပြန်ဖြစ်နိုင်တယ်ဆိုပြီး စောင့်နေကြကြောင်း နယ်စပ်အုန်းသီးဈေးသည် ဦးကျော်မြင့်ကပြောဆိုသည်။ လေးခရိုင်နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက် ထွက်ရှိသည့်အုန်းသီးများကို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် ဆောင်းကာလနှင့်နွေကာလတို့တွင် အများဆုံးတင်ပို့ ရောင်းချခြင်းဖြစ်ရာ နယ်စပ်အုန်းသီးကုန်သည်အချို့မှာ နယ်စပ်လှောင်ကုန် အဖြစ်ဝယ်ယူကြသည်။

ခြံထွက်အုန်းဆိုတော့ နယ်စပ်မှာရသလောက်ဈေးနဲ့ပဲ ရောင်းခဲ့ပါတယ်။ တစ်ဖက်နိုင်ငံကဝယ်မှ အုန်းသီးက ဈေးကောင်း ရတာဖြစ်ပါတယ်။ တမူးမြို့က အုန်းသီးဝယ်လှောင်တဲ့သူတွေကလည်း အောက်ကြေးနဲ့ဝယ်ကြတာပါ။ မကိုက်ပေမယ့်လည်း ဝယ်လက်မရှိတော့ ရတဲ့ဈေးနဲ့သာရောင်းချပြီးပြန်ရကြောင်း ကလေးဝမြို့နယ် မစိန်ရွာမှ အုန်းသီးလာရောင်းသူ ဦးစိုးကပြောဆိုသည်။

Source: https://myanmar.mmtimes.com/news/121245.html

## မြန်မာအပါအဝင် နိုင်ငံတကာမှ လယ်ယာထွက်ကုန်များ တင်သွင်းမည့်ခွဲတမ်း တရုတ်အစိုးရထုတ်ပြန်




တရားဝင်ကုန်သွယ်ရေးကို တွန်းအားပေးလာသော တရုတ် အစိုးရက ၂၀၁၉ တွင် မြန်မာအပါအဝင် နိုင်ငံတကာမှ ဆန်၊ ပြောင်းနှင့် ဂျုံတင်သွင်းလိုသည့် ခွဲတမ်း ပမာဏကို နန့်နင်းမြို့ရှိ မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ထံ စာပေးပို့ခဲ့ သည်။

နိုင်ငံတကာမှ ဆန်တန်ချိန် ၅ ဒသမ ၃ သန်းကျော်၊ ပြောင်း တန်ချိန် ၇ ဒသမ ၂ သန်းနှင့် ဂျုံ တန်ချိန် ၉ ဒသမ ၆ သန်းကျော်တင်သွင်းရန် တရုတ်နိုင်ငံ၊ နိုင်ငံ တော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီမှ တင်သွင်းရန် ခွဲတမ်းသတ်မှတ်ထားပြီး ထိုသတ်မှတ်ချက်ကို လေ့လာသိရှိနိုင်ရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က မတ်လ ၈ ရက်စွဲဖြင့် ဌာနနှင့်အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များထံ ဖြန့်ဝေထားသည်။

တရုတ်သည် နိုင်ငံတကာမှ ဆန်တင်သွင်းရာတွင် ယခင်နှစ်များက တစ်နှစ်တန်ချိန် သုံးသန်းကျော်သာဝယ်ယူရန် ခွဲတမ်း သတ်မှတ်လေ့ရှိသည်။ သို့သော် ၂၀၁၉ တွင် တန်ချိန် ငါးသန်းကျော်ခွဲ တမ်းသတ်မှတ်ခြင်းက မြန်မာ၊ ဗီ ယက်နမ် နယ်စပ်များမှ တရားမဝင်ဆန်တင်သွင်းမှုကို ယခင်ထက်ပိုမိုထိန်းချုပ်လာနိုင်ကြောင်း ပြည်ပဆန်တင်ပို့နေသည့် လုပ်ငန်းရှင်အချို့ကခန့်မှန်းသည်။ တရုတ်အစိုးရမူဝါဒက တရားဝင်ကုန်သွယ်ရေးကိုပိုပြီး အကောင်အထည်ဖော်မယ့် သဘောဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ အစိုးရချင်းသဘောတူညီမှုဖြင့် မြန်မာနိုင်ငံမှ ဆန်တန်ချိန် လေးသိန်းဝယ်ယူရန် တရုတ်နိုင်ငံမှ စာချုပ်မူကြမ်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ပေးပို့ထားပြီး ပထမအဆင့်ပဲရှိသေးကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးလှမော်မြင့်မောင်ကပြောသည်။ တရုတ်နိုင်ငံသို့ တရားဝင် ဆန်ရောင်းချရန် ယခုပေးပို့သည့် စာချုပ်မူကြမ်းကို နှစ်ဖက်ညှိနှိုင်းပြီး ပြည်ထောင်စုဝန်ကြီးအဆင့်က နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည့် နေရာကိုလည်း ညှိနှိုင်းရမည် ဖြစ်သည်။

ဧပြီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်နိုင်ငံခရီးစဉ်၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်မည်ဟု ဆန်ကုန်သည်အချို့ကမျှော်လင့်နေသည်။ မြန်မာ၊ တရုတ်နယ်စပ်ကုန်သွယ်ရေးသည် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ အပါအဝင်ပို့ကုန်များကို တရားဝင်တင်ပို့သော်လည်း တရုတ်ကုန်သည်များက တရားမဝင် ဝယ်ယူသည်။ အခွန်နှုန်းထား သတ်မှတ်ချက်များခြင်း၊ လယ်ယာသီးနှံများအပါအဝင် ပို့ကုန်များတွင် ရောဂါပိုးမွှား အာမခံချက်၊ ဓာတုဓာတ်ကြွင်း အာမခံချက်စသည်တို့အပြင် တရားဝင်ခွဲတမ်းလည်း လိုအပ်သဖြင့် နယ်စပ်မှ တရုတ်ကုန်သည်များက တရားမဝင်ဝယ်ယူခြင်းဖြစ်ကြောင်း မူဆယ်မြို့ရှိ ပို့ကုန်လုပ်ငန်းရှင်အချို့ကပြောသည်။ ယင်းအခြေအနေတွင် ယူနန်အစိုးရက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်သည့် စစ်ဆင်ရေးများကို ဖော်ဆောင်ပြီး မြန်မာနိုင်ငံမှ ဝယ်ယူလာသည့် ဆန်၊ ပြောင်းဖူးစေ့၊ သကြားစသော ကုန်ပစ္စည်းများကိုဖမ်းဆီးခြင်း၊ ကုန်တင်ယာဉ်များ သိမ်းဆည်းခြင်း နှင့် တရုတ်ကုန်သည်များကို ဖမ်းဆီးခြင်းတို့ကို ပိုမိုဆောင်ရွက်လာသည်။

ထို့ကြောင့် ၂၀၁၈ အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ မတ်လ ၁ရက်အထိ ငါးလအတွင်း မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ ပို့ကုန်ပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၄ဘီလီယံကျော်သာ တင်ပို့နိုင်ခဲ့သည်။ အဆိုပါ ပို့ကုန်ပမာဏက ပြီးခဲ့သည့်နှစ် ကာလတူထက် ဒေါ်လာသန်း ၆၁ဝ ကျော်လျော့နည်းခဲ့သည်။ မြန်မာနိုင်ငံ၏ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်သစ် ပို့ကုန်ပမာဏ ဒေါ်လာ ၁၅ ဘီလီယံရရှိမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြိုတင်ခန့်မှန်းထားသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန်ကဏ္ဍတွင် မူဆယ်မှ တရုတ်နိုင်ငံသို့ ပို့ကုန်ပမာဏကလည်း အရေးပါနေသည်။ ယခင်ဘဏ္ဍာနှစ် ၂၀၁၇-၁၈စာရင်းများအရ မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန်ပမာဏ စုစုပေါင်း ဒေါ်လာ ၁၅ ဘီလီယံခန့်တွင် မူဆယ်မှဒေါ်လာ ၄ ဒသမ ၁ ဘီလီယံကျော် တင်ပို့ထားသည်။ မြန်မာနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှုတွင် နယ်စပ်မှ တရုတ်နိုင်ငံသို့ တင်ပို့ခြင်းက ၅ဝ ရာခိုင်နှုန်းကျော်ရှိနေပြီး ပြောင်းတင်ပို့မှုကလည်း အဓိကဈေးကွက်တစ်ခုဖြစ်နေသည်။

လက်ရှိတွင် ရှမ်းပြည်နယ်၌ ပြောင်းစိုက်ပျိုးမှုတိုးတက်နေပြီး တရုတ်နိုင်ငံသို့ ပမာဏများစွာ ရောင်းချနိုင်ခြင်း မရှိသော ကြောင့် ပြည်တွင်း ပြောင်းဖူးစေ့ဈေးနှုန်း ၃၀ ရာခိုင်နှုန်းကျော် ကျဆင်းနေကြောင်း မူဆယ် ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်မှ အသင်းဝင်တစ်ဦးကပြောသည်။ ရှမ်းပြည်နယ်တွင် ပြောင်း နှစ်စဉ်စိုက်ပျိုးထုတ်လုပ်မှုက တန်ချိန် ၈ သိန်းမှ ၁၀ သိန်း အကြားထွက်ရှိပြီး ၉၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့နေသည်။

**Source:** http://www.7daydaily.com/story/151878

## အိန္ဒိယဝယ်ယူမှုမရှိသော်လည်း မတ်ပဲအသစ်ပေါ်ချိန် ဈေးမြင့်တက်

အိန္ဒိယကအဝယ်မရှိသော်လည်း မတ်ပဲအသစ်ပေါ်ချိန်တွင် ဈေးနှုန်းမြင့်တက်နေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် ကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးသီးနှံများ အသစ်ပေါ်ချိန် ဈေးနှုန်း ကျဆင်းလေ့ရှိသော်လည်း ပါကစ္စတန်နိုင်ငံမှ မတ်ပဲဝယ်လိုအား အနည်းငယ်ရှိနေခြင်း၊ မတ်ပဲစိုက်ဧက လျော့နည်းခြင်း ကြောင့် အထွက်နှုန်းနည်းခြင်း၊ ပြည်တွင်းပဲလက်ကျန်နည်းခြင်းက ဈေးနှုန်းကျဆင်းမှုကို ထိန်းထားနိုင်သည့် အခြေအနေများဖြစ်ကြောင်း ၎င်းကပြောသည်။

လှောင်သမားတွေကလည်း ဈေးကွက်ထဲဝင်လာတဲ့ ပဲတွေကို ဝယ်စုနေကြကြောင်း ဦးမင်းကိုဦးကပြောသည်။ ထို့ကြောင့် ရန်ကုန်ဈေးကွက်တွင် ယခုရက်ပိုင်း ၂၀၁၈ မတ်ပဲတစ်တန်လျှင် ကျပ်ခြောက် သိန်း ကိုးသောင်းဈေးရှိပြီး ပြီးခဲ့ သည့် ဖေဖော်ဝါရီလထက် တစ်တန်လျှင် ကျပ်တစ်သိန်းခန့် ဈေးပြန်တက်လာခြင်းဖြစ်သည်။ ဖေဖော်ဝါရီလဆန်းပိုင်းက အိန္ဒိယမှ ပဲအဝယ်ရပ်လိုက်ခြင်း၏ကြောင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးနှုန်း ကျပ်ငါးသိန်းရှစ်သောင်းခန့်သို့ ကျဆင်းခဲ့သည်။

အခုပေါက်ဈေးက လယ်သမားတွေအတွက် မရှုံးသေးတဲ့ဈေးပဲဟု ဓနုဖြူမြို့နယ်မှ မတ်ပဲစိုက်ပျိုးသည့် လယ်သမား ဦးသိန်းအောင်က ပြောသည်။ လက်ရှိ မတ်ပဲတစ်တင်းဈေး ကျပ် ၂၅,၀၀၀ ခန့်ရှိနေခြင်း ကြောင့် စိုက်ပျိုးစရိတ် ကုန်ကျမှု ထက် ပိုမိုရရှိနေသေးသည်ဟု ၎င်းကဆိုသည်။ မြန်မာနိုင်ငံတွင် မိုးစပါးစိုက် ပျိုးပြီးလျှင် ဆောင်းရာသီသီးနှံအဖြစ် မတ်ပဲကို ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတွင် အဓိကစိုက်ပျိုးသည်။ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအား မသေချာမှုကြောင့် ယခုနှစ် မတ်ပဲစိုက်ပျိုးမှုက ၃၀ ရာခိုင်နှုန်း ခန့် လျော့နည်းခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းက ခန့်မှန်း ထားသည်။

ထို့အပြင် အိန္ဒိယဈေးကွက်သို့ အဓိကရောင်းချနေရသည့် ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်မှုကလည်း ယခုနှစ်တွင် များစွာလျော့နည်းခဲ့ကြောင်း၊ ထိုသို့ ပြည်တွင်းလက်ကျန်လျော့နည်းပြီး ပဲစင်းငုံအသစ်ကလည်း တန်ချိန် ငါးသောင်းခန့် သာရှိသောကြောင့် လက်ရှိဈေးကွက်အတွင်း ပဲစင်းငုံအသစ်ဈေးနှုန်းသည် ကျပ်ရှစ်သိန်းငါးသောင်းခန့် ပေါက်ဈေး ရှိနေကြောင်းသိရသည်။

**Source:** http://www.7daydaily.com/story/151877

## မြန်မာ-တရုတ် နယ်စပ်စီးပွားရေးဇုန် အကောင်အထည်ဖော်ရန် စိတ်ဝင်စားမှု အဆိုပြုလွှာခေါ်ယူရေး စတင်ပြင်ဆင်

မြန်မာ-တရုတ်စီးပွားရေး စင်္ကြံလမ်းနှင့် ဆက်စပ်နေသော မြန်မာ-တရုတ်နယ်စပ်စီးပွားရေးဇုန်အကောင်အထည် ဖော်ရေး ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအား စိတ်ဝင်စားမှုအဆိုပြုလွှာ ခေါ်ယူရန် ပထမဆုံးအစည်းအဝေးကို မတ်လ ၆ ရက်ကနေပြည်တော်တွင် ကျင်းပခဲ့သည်။

ဆက်ပြီးတော့ ညှိနှိုင်းအစည်းအဝေးတွေကရှိဦးမယ်။ အခုက စပြီးညှိနှိုင်းတဲ့သဘောပါဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်က ပြောသည်။ စီးပွားရေးဇုန်အကောင်အထည် ဖော်ရေးစိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူရေးကို စီးပွား/ကူးသန်း ဒုဝန်ကြီးဦးအောင်ထူးက ဦးဆောင်ပြီး ဆောင်ရွက်နေ သည်ဟု ၎င်းကဆိုသည်။ နှစ်နိုင်ငံအစိုးရများ ဦးဆောင်ပြီး ကချင်ပြည်နယ် ကန်ပိုက်တီး၊ ရှမ်းပြည်နယ် မူဆယ်နှင့် ချင်းရွှေဟော်တို့တွင် စီးပွားရေးဇုန်များအကောင်အထည်ဖော်ရန် စီစဉ်ထားသည်။

မြန်မာ-တရုတ်စီးပွားရေး စင်္ကြံလမ်းနှင့်ဆက်စပ်နေသော အဆိုပါစီးပွားရေးဇုန်များအတွက် သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများနှင့်လည်း ဆက်လက်ညှိနှိုင်းရမည်ဟု ဦးခင်မောင်လွင်ကပြောသည်။ စီးပွားရေးဇုန်အတွင်း ထုတ် လုပ်သည့်ကုန်ပစ္စည်းများကို နှစ်နိုင်ငံဈေးကွက်သို့တင်ပို့ခြင်းနှင့် အခြားနိုင်ငံများသို့ တင်ပို့မည်ဆိုပါက အခွန်ကင်း

လွှတ်ခွင့်များပေးရမည့် အစီအစဉ်များလည်းပါဝင်သည်။ နှစ်နိုင်ငံနယ်စပ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် နှစ်နိုင်ငံလူမှုဘဝတိုးတက်ရေး အထောက်အကူပေးနိုင်မည့် မျှော်မှန်းချက်ဖြင့် နယ်စပ်စီးပွားရေးဇုန်များကို အကောင်အထည်ဖော်မည်ဖြစ်ပြီး လက်ရှိအခြေအနေက စီးပွားရေးဇုန် အကောင်အထည်ဖော်မည့် မြေယာသတ်မှတ်ခြင်းပင် မဆောင်ရွက်ရသေးကြောင်း ဦးခင်မောင်လွင်ကပြောသည်။ လက်ရှိတွင် စိတ်ဝင်စားမှု အဆိုပြုလွှာများ ခေါ်ယူရေးသာဦးစွာဆောင်ရွက်နေပြီး မြေနေရာသတ်မှတ်ရန်လည်း ပြည်နယ်အစိုးရများနှင့် တရုတ်အစိုးရတာဝန်ရှိသူများ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည်ဟု ၎င်းကဆိုသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံနယ် စပ်ကုန်သွယ်ရေးဂိတ်များ ဖွင့်လှစ်ထားသောဒေသများ၌ စီးပွားရေးဇုန်များ ထပ်မံအကောင်အထည်ဖော်မည့်အစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်လိုကြောင်း မူဆယ်မြို့ရှိ ဒေသခံစီးပွားရေးလုပ်ငန်းရှင်အချို့ကပြောကြားသည်။

**Source:** http://www.7daydaily.com/sto

## စက်သုံးဆီဈေး ဆက်တိုက်မြင့်တက်လာပြီး ဆက်လက်တက်နိုင်ဟု လုပ်ငန်းရှင်အချို့ ခန့်မှန်း

ပြည်တွင်းစက်သုံးဆီ ဈေးနှစ်ပတ်အတွင်း တစ်လီတာလျှင် ၃၀ (တစ်ဂါလန် ၁၃၅ ကျပ်)မြင့်တက်လာပြီး ဈေးဆက်တက် နိုင်သေးကြောင်း စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်အချို့ကပြောသည်။ စက်သုံးဆီဈေးသည် ဖေဖော်ဝါရီလလယ်ပိုင်းကစ၍ မတ်လဒုတိယပတ်အထိ ဆက်တိုက်မြင့်တက်နေသည်။ ပြည်တွင်းစက်သုံးဆီ ရန်ကုန်အထိုင်ဈေးကွက်ရှိ ဆိုင်အများစုတွင် မတ်လ ၉ ရက်က အောက် တိန်း -92 တစ်လီတာလျှင် ကျပ်၇၅၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၄၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၃၀၊ ပရီမီယံ တစ်လီတာလျှင် ၉၄၅ ကျပ်နှုန်း ဖြင့် ရောင်းချနေသည်။

အဆိုပါ ဈေးနှုန်းများအရ တစ်ပတ်အတွင်း စက်သုံးဆီအမျိုးအစား တစ်ခုချင်းအလိုက် တစ်လီတာလျှင် ကျပ် ၃၀ မြင့်တက်ခဲ့သည်။ ဈေးကွက်အခြေအနေအရဆိုရင် ဆက်တက်နိုင်မယ့်အခြေအနေရှိနေတယ်။ ကမ္ဘာ့ဈေးတက်တာ အဓိကပေါ့။ နောက်တစ်ချက်က ခရီးသွားရာသီဆိုလည်း စက်သုံးဆီဈေးက တက်လေ့ရှိတဲ့ အစဉ်အလာရှိကြောင်း စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ကမ္ဘာ့ရေနံစိမ်းဈေးသည် တစ်စည်လျှင် ၅၆ ဒေါ်လာရှိပြီး နှစ်ပတ်အတွင်း သုံးဒေါ်လာခန့် မြင့်တက်ခဲ့သည်ဟု ဈေးကွက်သတင်းများက ဆိုသည်။

ပြည်တွင်းစက်သုံးဆီဈေးသည် ယခင်နှစ် မတ်လအတွင်းက ဈေးမြင့်တက်မှုရှိပြီး ဧပြီလကုန်တွင် ပြန်လည်ကျဆင်းခဲ့သည်။ ယခုနှစ်တွင် စက်သုံးဆီဈေးနှုန်းပြန်လည်မြင့်တက်လာသည်ဆိုသော်လည်း ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် စက်သုံးဆီအမျိုးအစားတစ်ခုချင်းအလိုက် တစ်လီတာလျှင် ကျပ် ၁၀ ခန့် လျော့နည်းဆဲ ဖြစ်သည်။ သင်္ကြန်ပြီးရင်တော့ ပြန်ကျနိုင်တယ်လို့ခန့်မှန်းကြကြောင်း အမည်မဖော်လိုသူ စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**Source:** http://www.7daydaily.com/story/151782

## ရာသီပြောင်းလဲခြင်းကြောင့် မုံရွာကြက်သွန်နီစိုက်ခင်းများ အထွက်နှုန်းလျော့ကျမည်ကိုစိုးရိမ်

ရာသီပြောင်းလဲခြင်းကြောင့် မုံရွာဒေသကြက်သွန်နီစိုက်ခင်းများ ရောဂါကျရောက်၍ အထွက်နှုန်းလျော့ကျမည်ကို စိုးရိမ်နေကြောင်း ဒေသခံတောင်သူများကဆိုသည်။ မုံရွာမြို့နယ်တွင် မတ်လပထမပတ်က မိုးတဖွဲဖွဲရွာသွန်းခြင်း၊ နှင်းကျခြင်း နှင့် နေပူရှိန်မြင့်မားခြင်းစသည့် ရာသီဥတုပြောင်းလဲခြင်းများကြောင့် ဆောင်းရာသီကြက်သွန်နီစိုက်ခင်းများ၌ ရော ဂါပိုးမွှားကျရောက်မည်ကို ဒေသခံတောင်သူများက စိုးရိမ်နေခြင်းဖြစ်သည်။

ဒီရာသီဥတု အခြေအနေကြောင့် ဆောင်းကြက်သွန်စိုက်ခင်းတွေမှာ ဒေါင်းမြီးရောဂါ ကျရောက်နိုင်တယ်။ အထူးသဖြင့် ကြက်သွန်စိုက်တဲ့နှစ်ကာလများ တဲ့မြေနဲ့စိုက်ကွင်းက ရောဂါအများဆုံးကျနိုင်တယ်။ နှစ်တိုင်း ကြက်သွန်နီစိုက်ပါများတော့ ဒေါင်းမြီးရောဂါက မြေဆောင်ပိုးအနေနဲ့ရှိပြီးသားဆိုတော့ ရာသီဥတုမကောင်းရင် ဖြစ်တော့တာပဲ။ ရောဂါဖြစ်ပြီဆိုတာနဲ့ လေကတစ်ဆင့်အနီးဝန်းကျင် စိုက်ခင်းတွေ အားလုံးကူးနိုင်ကြောင်း မုံရွာမြို့နယ်မြေနဲ ကျေးရွာဒေသခံ ကြက်သွန်နီစိုက်တောင်သူ ဦးအောင်ထူးကပြောသည်။ ဆောင်းရာသီစိုက် ကြက်သွန်နီစိုက်ခင်းများတွင် ဒေါင်းမြီးရောဂါ ကျရောက်ပါက ကြက်သွန် အထွက်နှုန်းလျော့နည်းခြင်းနှင့် အရည်အသွေးကျဆင်းခြင်း ကြုံတွေ့နိုင်ကြောင်း ဦးအောင်ထူးကဆိုသည်။ ဒေါင်းမြီးရောဂါက ကြက်သွန်စစိုက်တဲ့ဒေသမှာတော့ ဖြစ်နိုင်ခြေနည်းပါတယ်။ မုံရွာမှာနှစ်တိုင်း စိုက်တဲ့ကြက်သွန်ခင်းတွေ ဒီရာသီကြောင့်ပိုဖြစ်နိုင်တယ်။ ဒေါင်းမြီးရောဂါကျရင် တောင်သူအနေနဲ့

အထွက်လျော့တဲ့ဒဏ် အရင်ခံရမယ်။ ပြီးရင် အရည်အသွေး မကောင်းတော့ ကြာကြာလှောင်လို့မရတဲ့အတွက် ပျက်စီးမှု တဖြည်းဖြည်း များလာကြောင်း မုံရွာမြို့နယ် အက်တောကျေးရွာ ဒေသခံတောင်သူတစ်ဦးကပြောသည်။ မုံရွာမြို့နယ်တွင် ကြက်သွန်နီစိုက် တောင်သူများသည် ရာသီဥတုမမှန်ခြင်း၊ လုပ်သားရှားပါးခြင်းနှင့် ဈေးကွက်ခိုင်မာမှုမရှိခြင်းစသည့် အခက်အခဲများ ကြုံတွေ့နေကြောင်း မြေနဲကျေးရွာ ကြက်သွန်နီစိုက်တောင်သူတစ်ဦးကပြောသည်။

**Source:** http://www.7daydaily.com/story/151649

## STOCK EXCHANGE (11.3.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,700 | 722 | 6,353,100 | 27,112,747 | 238,592 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 3,314 | 9,505,750 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 145 | 3,117,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,700 | 2,700 | 2,650 | 316 | 847,400 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 373.52 | -1.42 | -0.38% | 375.39 | 375.39 | 373.52 | 4,497 | 19,823,750 | 5 | 509,940 |

**Index chart**




## Market Overview

As of 1:00 pm, 11th Mar. 2019

| MYANPIX | 373.52 ▼ 1.42 |
|---|---|
| Total Volume (shares) | 4,497 |
| Total Value (MMK) | 20 mil |
| Listed Company | 5 |
| Market Cap. (MMK) | 509,940 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |